# ဒီမိုကရေစီ ညနေသတင်း




အတွဲ ၁ ၊ အမှတ် ၂ ၊ ၂ ရက် ၊ စက်တင်ဘာလ ၊ ၁၉၈၈ ၊ သောကြာနေ့

## ရှိုက်ကြီးတငင် နှင့် ငိုကြွေးရရှာသော
## သူနာပြုဆရာမအတု



ဩဂုတ် ၃၀ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ဒီမိုကရေစီလှုပ်ရှားမှုများ စဉ်ဆက်မပြတ်အရှိန်အဟုန်မြင့်မားစွာ တိုက်ပွဲဝင်လျက်ရှိရာ လူထုညီညွတ်ရေးကိုဖြိုခွင်းရန်အတွက် အဖျက်သမားများကလည်း သပ်လျှိုဝင်ရောက်လျက်ရှိသည်...

ပြည်သူလူထု၏ ဒီမိုကရေစီတိုက်ပွဲကို နှောက်ယှက်ဖျက်ဆီးလိုသူများကလည်း ပုံစံအမျိုးမျိုးဖြင့်ဝင်ရောက်သွေးခွဲလျက်ရှိသဖြင့် ပညာရှင်လူပြည်သူ ကျောင်းသားများကလည်း စုံစမ်းဖော်ထုတ်ဖွင့်ချပွဲများဆက်တိုက်ပြုလုပ်နေရပြီဖြစ်သည်...

လူထုညီညွတ်မှုကြောင့် အဖျက်လုပ်ရပ်များကို ပြည်သူထံဖော်ထုတ်တင်ပြနိုင်လာကြချိန်တွင် ယမန်နေ့ကလည်း ရန်ကုန် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သူနာပြုအတုအယောင်တစ်ဦးကိုဖော်ထုတ်ဖွင့်ချနိုင်ခဲ့သည်... အမျိုးသမီးငယ်၏အမည်မှာ အေးယဉ်ယဉ်ဟုသိရှိရပြီ...သူမသည် ရန်ကုန်ဆေးရုံကြီးဝင်း ဟောပြောပွဲများ၊ ဆန္ဒပြပွဲများတွင် ဒလံကိုင်ကာ တက်ကြွသူအဖြစ်လှုပ်ရှားနေမှုကို မသင်္ကာသဖြင့် စစ်ရာမှ သူနာပြုဆရာမအတုဖြစ်ကြောင်း သိရှိရခြင်းဖြစ်သည်...

ပြည်သူလူထုသည် သံဃာယောင်ဆောင်လာသူများကိုလည်းကောင်း၊ ကျောင်းသားယောင်ဆောင်လာသူများကိုလည်းကောင်း ရှာဖွေစုံစမ်းကာ ဆက်လက်ဖော်ထုတ်ဆဲဟုကြားသိရသည်...

# ပဲခူးမြို့ လူထု ငြိမ်းချမ်းစွာဆန္ဒပြ







## ၂၀.၈.၈၈

၁။ ၂၀.၈.၈၈ နေ့ ညနေ ၅း၀၀ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်ဖြင့် ကျောင်းသား ခေါင်းဆောင် အချို့နှင့် တွေ့ဆုံ ဆွေးနွေးဖြစ်၊ ကျောင်းသား ခေါင်းဆောင် (၄၅)ဦး တက် (ခင်းကိုနိုင်၊ မိုးသီးဇွန်၊ အပါအဝင်)

၂။ ဆွေးနွေးပွဲတွင် အနိုင်ရ မှ (က) ကျောင်းသားများ အားလုံး တညီတညွတ်တည်းရှိရန် (ခ) ဦးနု၊ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်တို့ (၄)ဦး ပူးပေါင်း၍ ဒီမိုကရေစီ ရေးတိုက်ပွဲတွင် တတိုင်းပြည်လုံး တစိတ်တသဘောတည်း တိုက်ပွဲဝင်လျက်ရှိကြောင်းကို ဦးတို့ အကြံကြီး ပုဂ္ဂိုလ်များ အနေဖြင့် ကြေငြာ စာတမ်းတစောင် ထုတ်ပြန်ပြီး ဖြစ်ကြောင်းကို ကျောင်းသားများအား အသိပေး တင်ပြခြင်း

(ဂ) ဓာတ်ဆီဆိုင်များ ပြန်လည်ဖွင့်လှစ်ရေး ညှိနှိုင်းရန် ကျောင်းသားများဦးဆောင်၍ ဆောင်ရွက်ကြရန်။

(ဃ) ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ယာယီသမဂ္ဂ ဥက္ကဋ္ဌ ကိုမင်းကိုနိုင်၏ ဖိတ်ကြားချက်နှင့် ဒေါ်အောင်ဆန်းစုကြည်အား တည်ပြုချက်ဖြင့် ၂၁.၈.၈၈ နေ့ နေ့လည် (၁)နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ယာယီ ဗကသ အားပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန် အစည်းအဝေး ခေါ်ယူခဲ့ပါသည်။

## ၂၁.၈.၈၈

(၁) နေ့လည် (၁၁း၃၀) တွင်အစည်းအဝေး စတင်ကျင်းပခဲ့ပါသည်။

(၂) အစည်းအဝေး တွင် သဘာပတိအဖြစ် ယာယီ ဗကသ ဥက္ကဋ္ဌ ကိုမင်းကိုနိုင်က နေ၍ အခမ်းအနားမှူးအဖြစ် မြန်မာစာ တတိယနှစ်မှ ကိုကြည်ဝင်း က နေရာ ဆောင်ရွက်ခဲ့ပါသည်။

(၃) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ယာယီသမဂ္ဂ ဖွဲ့စည်းပုံ အားပြင်ဆင်တိုးချဲ့ဖွဲ့စည်းပေးရန် ကျောင်းသူ ဖိနိုင်သက်ကျော်က အဆိုတင်သွင်း၍ ကိုကျော်မိုးနိုင်နှင့် ပဲခူးတိုင်းကျောင်းသားများ ယာယီသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဇော်အောင်လွင် တို့က ထောက်ခံ ထောက်ခံဆွေးနွေး ခဲ့ပါသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ကျောင်းသား ခေါင်းဆောင်အားလုံး၏ ဆန္ဒအရ သဘာပတိက အတည်ပြုခဲ့ပါသည်

(၄) ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးရွေးချယ်ဆောင်ရွက်ရန် သဘာပတိက ( .၉.၈၈) သို့ ရွှေ့ဆိုင်းခဲ့ပါသည်။

(၅) ဤအစည်းအဝေးပွဲမှ ဗကသ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရေး အပြင်

### ဒိုင်ယာရီ

အောက်ပါ အဆိုပြုခြင်းများကို တင်သွင်းခဲ့ပါသည်။

(က) ပြည်သူ့ကိုယ်စားလှယ်များ အားလုံး မိမိတို့ ရပ်ကွက်ရွာကို သက်ဆိုင်ရာ သံဃာ့ ဝန်ဆောင်အဖွဲ့ ဆရာတော်ကြီးများထံ အမြန်တင်သွင်း ဒိုင်တော်မဆိုခြင်း

(ခ) အကယ်၍ ထိုသို့မဆောင်ရွက်သော ကိုယ်စားလှယ်များကို ဒီမိုကရေစီ အကျိုးတော်သားဟု မသတ်မှတ်ရုံမျှမက ပြည်သူ့ဆန္ဒဖြင့် သတ်မှတ်ရက် ကျော်ပါက တညီတညွတ်တည်း ကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်မည် ဖြစ်ကြောင်း။

(ဂ) ပြည်သူ့ဆန္ဒအရ မဟုတ်ပဲ ပြည်သူတို့အပေါ် အနိုင်အထက် မတရား အတည်ပြုထားသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းပေးရန် တို့ဖြစ်ပါသည်။

(ဃ) ဗကသ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန် အဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်၏ အမည်စာရင်း အတိအကျ ကို ကောက်ယူပြီး အစည်းအဝေးကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ရန်ကုန်မြို့ ထွင် ခရီးသွားလာရေး ခက်ခဲ

ခေတ် ဆီ မရ၍ ယာဉ် အချို့ မထွက် နိုင်

မြန်မာနိုင်ငံ

ပန်းချီနှင့်ကာတွန်း

အနုပညာရှင်အဖွဲ့မှ

ကျွန်တော် ဒီမိုကရေစီကို [illegible]

Myo Nyunt

[illegible]

ဒီမိုကရေစီ ဆိုတာ စည်းကမ်းဘောင်အတွင်းမှ [illegible]

[illegible]



အင်းစိန်အကျဉ်းဦးစီးဌာနသည် လည်းဒိမိုကရေစီတိုက်ပွဲ ဆင်နွဲ လျှက်ရှိပြီး
ထောင်ပိုင်ကြီး ဦးစိန်ဌေး နှင့်အဖွဲ့လည်း တိမ်းရှောင်လျှက်ရှိသည်ဆို၏



လွတ်မြောက်လာသူများက သေဆုံးသူဦးရေ အတိအကျ ကောက်ယူ ထုတ်ပြန် ခြင်း
မရှိသေးဟုထုတ်ဖော်ပြောကြားခဲ့သည်



၂၇၊၈၊၈၈ နေ့က ရန်ကုန်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့်ရောက်ရှိလာရာ ခွပ်ဒေါင်းအလံဖြင့်
ကျောင်းသား များကလိုက်ပါပို့ဆောင်ပေး ခဲ့ကြသည်

အင်းစိန်ထောင်မှ ထောင်



ရန်ကုန်ဘူတာကြီးတွင် ရောက်ရှိလာ
ကျောင်းသားများက ကြိုဆိုခဲ့



တစ်ချိန်မှာ မီးလောင် ဒဏ်ခံရခဲ့သ
ကျန်ရှိနေ



အကျဉ်းသားများအတွက် ရေနွေးပါ
ရောက်

အချုပ်သားများ အက်လက်လွှတ်ပေး





၁ အကျဉ်းသားများကို သံဃာတော်များ
ခပ်သလိုက်ညီ ဆောင်ရွက်ပေးကြသည်

ရဲဘက်မှ လွတ်မြောက်လာသူများကိုလည်း နေရပ်ပြန်ပို့နိုင်ရန်စီစဉ်ပေးကြသည်





ပြီး နိုင်ငံရေးခင်း ဖြင့်အကျဉ်းနေရသူများ
င်းသိရှိရသည်

ထောင်ဆူပူမှုကို ပစ်ခတ်သဖြင့် ဗ.က.ပ F.R.C ပြာသောင်က
အဝတ်အစားများဓာတ်ဆီလောင်း မီးရှို့ခြင်းဖြစ်သည်





ဘဝတ်အစားရှာဒါန်းသူများလည်းနေစဉ်
ဝါဖြစ်သည်

အကျဉ်းသားဟောင်းများကို 'ဒီမိုကရေစီ' ဘာလဲဆိုတာသိရှိစေရန် တရားဟောရှင်းလင်း
ပြောကြားပေးကြောင်းလည်းကြားသိရသည်

ဒီမိုကရေစီနိုင်ငံတွင် ပြည်သူ့ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များကို ဦးထိပ်ထားကြသည်။ အာဏာရှင်နိုင်ငံတွင်ကား အာဏာရှင်ကိုသာလျှင် ကြောက်ရွံ့၍ ဦးထိပ်တင်ကြရသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်သည်။

ဒီမိုကရေစီ၏အန္တရာယ်များကို ပြည်သူတို့က သတိဝီရိယဖြင့် ရှောင်ရှား တွန်းလှန်ကြဖို့ လိုသည်။

အာဏာရှင်သည် မိမိကိုယ်ကို မိမိ အာဏာရှင်ဟု ဘယ်သောအခါမှ မခေါ်ချေ။ ပြည်သူ့အကျိုးကို လိုလားသလို၊ သယ်ပိုးသလိုလိုနှင့် အာဏာကို သိမ်းယူတတ်သည်။ ပြည်သူတို့သည် အာဏာရှင်၏ အရိပ်နိမိတ်တို့ကို အမြဲ မပြတ်မလပ် စောင့်ကြည့်ရသည်။ ကာကွယ်ရသည်။ ဒီမိုကရေစီကို မြတ်နိုးသော ပြည်သူတို့သည် ဒီမိုကရေစီ၏ရန်သူတို့ကို အလစ်မပေးဘဲ အချိန်မီ တွန်းလှန်ရသည်။

**ဒေါက်တာ မောင်မောင်**

**(ဝတ်လုံတော်ရ)**

---

ဒေါက်တာ မောင်မောင် (ယခု သမ္မတကြီး) ၏ ၁၉၅၉ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော "တို့-ပြည် ထောင်စုမြန်မာနိုင်ငံ ၊ ဖွဲ့စည်း အုပ်ချုပ်ပုံ" စာအုပ်မှ

---

## ၁၉၆၂ ခုနှစ် မတိုင်မီ ပါလီမန်ဒီမိုကရေစီမှ ကုန်ဈေးနှုန်း

| | | ကျပ် | ပြား |
|---|---|---|---|
| ကြက်သွန် | တစ်ပိဿာ | | ၆၀ |
| ငရုပ်သီး | ။ | ၃ | |
| ဆီ | ။ | ၃ | |
| ဆန် | တစ်ပြည် (ကျွဲ) | ၁ | ၂၅ |
| ကြက် | တစ်ပိဿာ | ၃ | |
| ဝက် | ။ | ၃ | |
| ဘဲ | ။ | ၂ | |
| ငါး | ။ | ၁ | ၅၀ |
| ရွှေ | တစ်ကျပ်သား ၂၅၀/- မှ ၃၀၀/- | | |

---

## ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ဒီမိုကရေစီတောင်းဆိုသည့်အချိန်၌ တည်ရှိသည့် ကုန်ဈေးနှုန်း ?

ဒီမိုကရေစီရဖို့ရေးတိုက်ပွဲမှာ တက်ကြွနေသူ



ဒီမိုကရေစီရဖို့အရေး သင်ခဲ့ကြရာ တွင် ပါဝင်ကျည်ဆံထိ ...





## ကျောင်းသားအမည်ခံ၍ ခေါင်းဆောင်ပေါ်ခဲ့သူ

ထင်မိ

ကျူးလွန်ခဲ့သမျှဝှင့်ငှတ်ရန် မိဘပြည်သူများအား ဝန်ချတောင်းပန်

မြောက်ဥက္ကလာပ တွင် ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုနှင့်ပတ်သက်၍ ရုပ်မြင်သံကြား သတင်းစာတို့မှ နေ၍ ဝန်ချတောင်းပန်ပွဲ လုပ်ခဲ့သော **'မင်းအောင်'** သည် ယခုအခါ အင်းစိန်ထောင်မှ လွတ်မြောက်လာပြီဖြစ်သည်

လွတ်မြောက်လာသော မင်းအောင်နှင့်ပတ်သက်၍ စုံစမ်းလေ့လာခဲ့ရာ၎င်းသည်ထောင်မှလွတ်သည်နှင့် အင်းစိန်မှကျောင်းသားများထံအဆက်အသွယ်လုပ်ခဲ့ကြောင်း ကျောင်းသားများက၎င်းအပေါ် သံသယရှိ၍ စစ်ဆေးမေးမြန်းကြရာ ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှာ ပါရှိခဲ့သောကိစ္စသည် လက်နှိပ်စက်ရိုက်နှိပ်ထားသော စာရွက်၂၂ရွက်ကို အလွတ်ကျက် ပြောဆိုခြင်းဖြင့် ပြောခဲ့ခြင်းသာဖြစ်ကြောင်း ထို့အတွက် မိဘပြည်သူများကို ထပ်မံဝန်ချတောင်းပန်ပါကြောင်း ဒီမိုကရေစီတိုက်ပွဲတွင် ၎င်းလည်း တိုက်ပွဲဝင်မည် ဖြစ်ကြောင်း ၎င်းကို ဖမ်းဆီးစောင့်ကြပ်ထားသော ကျောင်းသားများကို ကျေးဇူးတင်ရှိပါကြောင်း

၎င်း၏ ဝန်ခံတောင်းပန်စာ ကိုလည်း ကျောင်းသားများနှင့်တစ်ဆင့် ပြည်သူလူထုထံ ရေးပို့ထားပြီးဖြစ်ကြောင်း သိရှိရသည် မင်းအောင်နှင့်ပတ်သက်၍ ကျောင်းသားများက ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သည်ဟုလည်း ကြားသိရသည်



မင်းသိခ်၏ဟောစာတမ်း
တွက်ချက်များအရ
ဒီမိုကရေစီသည်
များမကြာမီရရှိဖို့
သေချာနေပြီဖြစ်သည်



ဒေါက်တာမောင်မောင်

# ဒီမိုကရေစီနိုင်ငံ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသည်။ အခြေခံဥပဒေတွင် အချုပ်အခြာအာဏာသည် ပြည်သူ၌ တည်သည်ဟု ဆိုထားသည်။ အာဏာရှင်တစ်ဦး၊ သို့မဟုတ် အာဏာရှင်လူတစ်စု၊ ပါတီတစ်ပါတီတွင် တည်နေ၍ ပြည်သူအများတွင်သာ မရှေ့မလျော့ တည်နေသည်။

ပြည်သူက လေးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သော အမတ်များက ပါလီမန်တွင် ပြည်သူ၏ကိုယ်စား ပြည်သူတို့နှင့် သင့်လျော်သော ဥပဒေတို့ကို ပြုစု ပြဋ္ဌာန်းကြသည်

ပြည်သူက မဲဆန္ဒဖြင့် ရွေးကောက် တင်မြှောက်သော ပါလီမန်က အုပ်ချုပ်မှု အာဏာကို အစိုးရအဖွဲ့သို့ အပ်နှင်းသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့သည် ပြည်သူအများကို ကိုယ်စားအပြုဆုံးဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ ယုံကြည်မှု ထောက်ခံချက်အပေါ်တွင် တည်နေရသည်။ ထိုယုံကြည်ချက်၊ ထောက်ခံချက်တို့ကိုဆုံးရှုံးသောအခါ အစိုးရအာဏာကိုလည်း ဆုံးရှုံးရသည်။

ပြည်သူတို့၏ အခွင့်အရေးတို့ကို တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့ကကြီးမှူးအုပ်ချုပ်သော တရားရုံးများက ကာကွယ်ရ ပေးကြသည်၊ ပြည်သူတို့အတွက် ပြည်သူ့ပါလီမန်က ပြဋ္ဌာန်းသော ဥပဒေတို့ကို တရားရုံးများက ထိန်းသိမ်းပေးရသည်၊ ဥပဒေ ကျူးလွန်သူတို့ကို ပြစ်ဒဏ်ပေးရသည် အခွင့်အရေးစသည်ကို ဥပဒေနှင့်အညီမဟုတ်ဘဲ ဆုံးရှုံးရ၍ အထိပါးခံရသူတို့ကို တရားရုံးများက နစ်နာချက်တွေ ပြေလည်အောင် ဖြေရှင်းပေးရသည်၊ ကာကွယ်ပေးရသည်

၆ သို့